ပထမတွဲ
မာတိကာ

စာမျက်နှာ

– နိဒါန်း
၁။ အစ်ကို၊ အစ်မ၊ အစ်ညီ ၁
၂။ အဆောက်အဦ ၃
၃။ အယန် ၅
၄။ အရှေ့ ၈
၅။ အသျှင် ၉
၆။ အိန့်ရှင် ၁၂
၇။ ဥန်၊ ဥရှစ် ၁၆
၈။ ကခြေ ၁၇
၉။ ကန်တော့ ၂၄
၁၀။ ကုံကော် ၂၆
၁၁။ ကလတက် ၂၇
၁၂။ ကသွန် ၂၈
၁၃။ ကုလား ၂၉
၁၄။ ကူ၊ ကူး ၃၄
၁၅။ ကို ၃၅
၁၆။ ကျက်သရေ ၃၇
၁၇။ ကျည်း၊ ကြည်း ၃၉
၁၈။ ကျီးကန်း ၄၁
၁၉။ ကျုံး၊ ကြုံး ၄၅
၂၀။ ကျူး၊ ကြူး ၄၇
၂၁။ ကျေးဇူး ၄၉
၂၂။ ကျွန် ၅၃
၂၃။ ကြံ ၅၅
၂၄။ ကွမ်းတည်၊ ကွမ်းထည့် ၆၁
၂၅။ ခင်ပွန်း ၆၃
၂၆။ ခတောင်းကျိုက် ၆၅
၂၇။ ခမည်း ၆၅
၂၈။ ခရိုင်၊ တိုက် ၆၆

စာမျက်နှာ

၂၉။ ချင့်၊ ခြင့် ၆၈
၃၀။ ချည်၊ ခြည် ၆၉
၃၁။ ချည်း၊ ချင်း၊ ခြည်း၊ ခြင်း ၇၁
၃၂။ ချယ်၊ ခြယ် ၇၂
၃၃။ ချာ၊ ခြာ ၇၅
၃၄။ ချီး၊ ခြီး ၇၆
၃၅။ ချုံ၊ ခြုံ ၇၈
၃၆။ ချူ၊ ခြူ ၇၉
၃၇။ ချိုး၊ ခြိုး ၈၀
၃၈။ ချိုးချုံ၊ ခြိုးခြုံ ၈၂
၃၉။ ချွေတာ၊ ခြွေတာ ၈၃
၄၀။ ခြင်္သေ့ ၈၄
၄၁။ ငညှာ ၈၆
၄၂။ ငမ်းစွန် ၈၈
၄၃။ ငုန်း၊ ရငုန်း ၉၀
၄၄။ ငှက်ပျော ၉၂
၄၅။ စကား၊ စာ ၉၂
၄၆။ စကြာ ၉၃
၄၇။ စည်း၊ စီး၊ ဆည်း၊ ဆီး ၉၆
၄၈။ စည်းစုပ်၊ စည်းဆုပ် ၉၇
၄၉။ စပါး၊ ဆန်၊ သန် ၉၈
၅၀။ စပျစ်၊ ပွယ် ၉၉
၅၁။ စာခီ၊ ပန်ခီ ၁၀၂
၅၂။ စာရေးတံ ၁၀၄
၅၃။ စိတ်စတ် ၁၀၅
၅၄။ ဆရာ ၁၀၆
၅၅။ ဆုန်းဖြတ် ၁၀၇
၅၆။ ဆုမ္ဘ (ဆုန်းမ) ၁၁၀
၅၇။ ဈေး ၁၁၁

စာမျက်နှာ

၅၈။ ညစ်ကျေး၊ ညစ်ကြေး ၁၁၂
၅၉။ တင်ကျီး ၁၁၃
၆၀။ တန်ထိမ်း ၁၁၄
၆၁။ တန်လိုင်း ၁၁၅
၆၂။ တပည့် ၁၁၉
၆၃။ တမ်း ၁၂၀
၆၄။ တမံတန်လင်း ၁၂၁
၆၅။ တံ၊ ထံ ၁၂၃
၆၆။ တံမျက်၊ တံမြက် ၁၂၄
၆၇။ တရား ၁၂၆
၆၈။ တရုတ်တရက် ၁၃၁
၆၉။ တုမ်တပဲ ၁၃၅
၇၀။ တောင် မြောက် ၁၃၆
၇၁။ ထမ်းပိုး၊ ထပိုး ၁၃၈

စာမျက်နှာ

၇၂။ ထမင်း ၁၃၈
၇၃။ ထိမ်း ၁၄၀
၇၄။ ထုပိကာ ၁၄၃
၇၅။ ထေပတ် ၁၄၄
၇၆။ ထွက်နပ် ၁၄၅
၇၇။ ထွေ ၁၄၆
၇၈။ ဒုရင် ၁၄၆
၇၉။ ဓမြ ၁၄၉
၈၀။ နကို၊ နဂိုရ် ၁၅၀
၈၁။ နံနက် ၁၅၂
၈၂။ နိုင်ငံ ၁၅၄
၈၃။ နှင်နှင် ၁၅၆
၈၄။ နှပ် ၁၅၇
၈၅။ နှမ၊ နမြော၊ နှလုံး ၁၅၈

□

ဒုတိယတွဲ
မာတိကာ

စာမျက်နှာ

– နိဒါန်း ၁၆၆
၁။ ပတ္တမြား ၁၆၈
၂။ ပတေပတာ ၁၆၈
၃။ ပန်စင်၊ ပဒ္ဒင်း ၁၇၀
၄၊ ပန်တမော့၊ ပန်တော့ ၁၇၁
၅။ ပန်တျာ ၁၇၂
၆။ ပန်ထျန်၊ ပန်တိန်၊ ပန်တည်း ၁၈၁
၇။ ပန်ပု၊ ဆင်းပု၊ ပုရန် ၁၈၃
၈။ ပန်ပဲ၊ ပဲခွစ်၊ ပဲ့တင် ၁၈၆
၉။ ပန်ပွတ်၊ ဆီပွတ်၊ မီးပွတ် ၁၈၈
၁၀။ ပန်သော့၊ မင်သော့ ၁၉၁
၁၁။ ပါယ်၊ ပယ် ၁၉၃
၁၂။ ပိ၊ ပု၊ ပိုး ၁၉၄
၁၃။ ပုခြည်၊ ပုဆိုး ၁၉၆
၁၄။ ပုဏ္ဏားန်း ၁၉၈
၁၅။ ပုဆစ်တုပ်၊ မင်းတုပ် ၁၉၉
၁၆။ ပုဏ္ဏား ၂၀၁
၁၇။ ပုထိုး၊ မုဌော ၂၀၂
၁၈။ ပူတာ ၂၀၃
၁၉။ ပိုံ၊ ပိုပါ၊ ဗိုလ်၊ ဗိုလ်ပါ ၂၀၅
၂၀။ ပျစ်၊ ပြစ် ၂၀၉
၂၁။ ပျန်း၊ ပျမ်း၊ ပြန်း၊ ပြမ်း ၂၁၀
၂၂။ ပျူ ၂၁၄
၂၃။ ပြည်တယ် ၂၁၅
၂၄။ ပြုန်း၊ ပြုံး ၂၁၆
၂၅။ ပြောင် ၂၁၈
၂၆။ ဖန်၊ ဖန်ခုန်၊ လုံးဖန် ၂၂၀

စာမျက်နှာ

၂၇။ ဖန်၊ ဖျန်၊ ဖျဉ် ၂၂၁
၂၈။ ဖါ၊ ဖလှယ် ၂၂၂
၂၉။ ဖိနပ် ၂၂၂
၃၀။ ဖုတ် ၂၂၃
၃၁။ ဖုန်၊ ဖုံ ၂၂၆
၃၂။ ဖုန်းဆိုး ၂၂၉
၃၃။ ဖုန်း၊ မီးဖုန်း ၂၃၁
၃၄။ ဖုမ္မတီ ၂၃၃
၃၅။ ဖုရား ၂၃၄
၃၆။ ဖုး၊ ဘုး ၂၄၄
၃၇။ ဖဲ ၂၄၅
၃၈။ ဖိုး၊ ဖွား ၂၄၆
၃၉။ ဖျောက်၊ ဖြောက် ၂၄၆
၄၀။ ဖြော့ ၂၄၇
၄၁။ ဖွ၊ သွား ၂၄၈
၄၂။ ဗယ်၊ ညာ ၂၄၈
၄၃။ ဗဟိုရ်၊ ဗဟို ၂၄၉
၄၄။ ဗာတံ၊ ဗာဒံ ၂၅၀
၄၅။ ဗာလည်ခွေး၊ ပါလည်ကွေး ၂၅၀
၄၆။ ဗုံဗိုင်၊ လေလံ၊ ဗိပါ ၂၅၂
၄၇။ ဗူး၊ ဗရုံ၊ ဗရဲ ၂၅၂
၄၈။ ဗိုင်း ၂၅၃
၄၉။ ဘိန်း၊ ဘင်း ၂၅၄
၅၀။ ဘုမ္မစိုး၊ ရက္ခစိုး၊ အာဏာသစိုး ၂၅၅
၅၁။ ဘုံ၊ ဘောင်၊ ဘွေ ၂၅၆
၅၂။ ဘူမိနက်သန် ၂၅၆
၅၃။ မက် ၂၅၉

၅၄။ မည်သရီ ၂၆၀
၅၅။ မဏ္ဍိုင်၊ မန်တိုင် ၂၆၁
၅၆။ မတ်၊ မပ် ၂၆၄
၅၇။ မုဆိုး ၂၆၅
၅၈။ မုဠ္ဍာန် ၂၆၇
၅၉။ မုသုံ ၂၆၈
၆၀။ မေသရီ ၂၆၉
၆၁။ မောက်၊ မောက်တို၊ မောက်ရှု၊ ခမောက် ၂၇၀
၆၂။ မောင်းမ၊ မိသင် ၂၇၂
၆၃။ မော်ကွန်း ၂၇၈
၆၄။ မိုး ၂၇၉
၆၅။ မိုးချုတ် ၂၈၂
၆၆။ မိုးနှောင်းသံထင် ၂၈၄
၆၇။ မိုးမြေ ၂၈၉
၆၈။ မျောက်သား ၂၉၀
၆၉။ မြင့်မိုရ်၊ မြင်းမိုရ် ၂၉၃
၇၀။ မြန်မာ ၂၉၅
၇၁။ မြန်လှ ၂၉၇
၇၂။ မြားလျား ၂၉၉
၇၃။ မြီးမြန်း၊ မြန်းမှု ၂၉၉
၇၄။ မြော်၊ မြွှာ် ၃၀၀
၇၅။ မြို့၊ ပြည် ၃၀၂
၇၆။ မှောက်၊ မှောက်တော်၊ ရွှေမှောက် ၃၀၃
၇၇။ မှော် ၃၀၅
၇၈။ ယက်ကန်းရက် ၃၀၅

၇၉။ ယပ်၊ ရပ် ၃၀၉
၈၀။ ယောက်ယား၊ မိယား ၃၁၀
၈၁။ ယိုးယား၊ ရှိုးရှား ၃၁၆
၈၂။ ရာ၊ ယာ ၃၁၈
၈၃။ ရှာ၊ ရပ် ၃၂၀
၈၄။ လက်ဖက် ၃၂၁
၈၅။ လက်ဖျံ ၃၂၃
၈၆။ လင်း၊ လင်းယဉ် ၃၂၅
၈၇။ လိန်း၊ လိမ်း ၃၂၆
၈၈။ လုပ်တိုင်း ၃၂၇
၈၉။ သကလတ်၊ ကတီပါ ၃၂၉
၉၀။ သကျည်၊ ကျီးရန်း၊ အဆောင် ၃၃၀
၉၁။ သင်ကန်း၊ သင်္ကမ်း၊ သင်ပုတ်၊ သင်တန်း၊
သင်းပိုင်၊ သပိတ် ၃၃၃
၉၂။ သင်းချပ်တီး ၃၃၇
၉၃။ သင်းချိုင်း ၃၃၇
၉၄။ သန်လျက် ၃၃၉
၉၅။ သန်တောင်း၊ သံထောင်း၊ သတောင်းလည် ၃၄၀
၉၆။ သံပရာ၊ သံဗရာ၊ သမ္ဘရာ ၃၄၁
၉၇။ သရဘူ၊ မကိုဋ်၊ လည်မာ၊ ဗယက် ၃၄၂
၉၈။ သုခမိန် ၃၄၃
၉၉။ ဟာန်ဗူ ယုန်ဗိုဝ်၊ ဟျှန်ဗိုဝ်၊
သင်ဖဝ်၊ သဘော ၃၄၆
၁၀၀။ ဟန်လီလာ၊ ၃၅၀

■

ဖြည့်စွက်တွဲ
မာတိကာ

ခေါင်းစဉ် စာမျက်နှာ

– နိဒါန်း ၃၅၆
၁။ အကံင ၃၅၇
၂။ အတလုန် ၃၅၈
၃။ အမုန္ဒန်၊ တမုန္ဒန် ၃၅၈
၄။ အဲမောင်း ၃၆၀
၅။ အောက်မား၊ ယရည်း ၃၆၁
၆။ အောင်း၊ အောင်းကလေး ၃၆၃
၇။ အောင်း၊ စာမရီ ၃၆၄
၈။ အိုး ၃၆၇
၉။ ကဆုန်ပေါက်၊ ခုန်ပေါက် ၃၇၂
၁၀။ ကတွတ်၊ ပင်း ၃၇၃
၁၁။ ကနုတ် ၃၇၅
၁၂။ ကလန်၊ သံဗျင် ၃၇၇
၁၃။ ကလူ ၃၇၈
၁၄။ ကုပ္ပိး ၃၈၀
၁၅။ ကဲ၊ အကဲ ၃၈၂
၁၆။ ကောင်းကင် ၃၈၃
၁၇။ ကြက်ဆောင်း ၃၈၃
၁၈။ ကြက်ရုံး၊ ဂမုန်း ၃၈၄
၁၉။ ကြခပ်၊ ကြလို၊ ကြသောင်း ၃၈၅
၂၀။ ကြင့်နှမ်း၊ ကျင့်နှမ်း ၃၈၆
၂၁။ ခင်တုရင် ၃၈၇
၂၂။ ခဏ်း၊ ခန်း၊ ခမ်း ၃၉၀
၂၃။ ခပ်ကယ်၊ ခပ်ပင်း၊ ခပ်သိမ်း ၃၉၃
၂၄။ ခရင်း၊ ဖရင်း၊ တုရှင်း ၃၉၄
၂၅။ ခရာ၊ တပိုး ၃၉၆

ခေါင်းစဉ် စာမျက်နှာ

၂၆။ ခုမောင်း၊ ခုနင်း၊ ခနွဲ ၃၉၇
၂၇။ ချည်ချောင်း၊ ခြည်ချောင်း ၃၉၈
၂၈။ ခြုတ် ၃၉၉
၂၉။ ခြောက်ခြား ၄၀၁
၃၀။ ခွက်ခွင်း၊ လင်းကွင်း ၄၀၃
၃၁။ ဂွန်း ၄၀၃
၃၂။ ငါးပိ၊ ငံပြာရေ ၄၀၅
၃၃။ ငှစုံ (ငှံစုံငှံ့စုံ) ပစ်မိ၊ အန်သိအလား ၄၀၇
၃၄။ စခြွား၊ စန္တရား ၄၁၀
၃၅။ စံကား၊ စံပါ၊ စံပယ်၊ စံသီး၊ ဇနီး ၄၁၂
၃၆။ စလောင်း ၄၁၃
၃၇။ ဆောင်း ၄၁၄
၃၈။ ဆိုင်းပြင်း၊ တိုင်ပင် ၄၁၅
ဆုန်းဖြတ် ၄၁၆
၃၉။ ဆိုက်၊ ပိုက် ၄၁၇
၄၀။ ဇလား၊ ကပင်၊ ကတ္တူ၊
လွန်းကြင်၊ ကူရှပ်၊ သမ္ဗန် ၄၁၉
၄၁။ ညှင်း ၄၂၂
၄၂။ တံစိုး၊ တံဆိုး၊ တန်စိုး၊ တန်ဆိုး ၄၂၃
၄၃။ တယော၊ တရော ၄၂၄
၄၄။ တိမ်ညင် ၄၂၅
၄၅။ တုလောင်၊ တူလောင် ၄၂၆
၄၆။ တော၊ တောင်း၊ တော် ၄၂၈
၄၇။ တောင်ကပ်ဖား၊ ထောင့်ကပ်ဖရား ၄၂၉
၄၈။ တော်ရနှောင် ၄၃၁
၄၉။ ထောင်းတာ၊ မထောင်းတာ၊
ထွက်နပ် ၄၄၀

ခေါင်းစဉ် စာမျက်နှာ

၅၀။ ဒက်၊ ပုတီး ၄၄၀
၅၁။ ဒုန်မင်း၊ ဒုန်းမင်း၊ ဒုံမင်း၊ ဒုံးမင်း ၄၄၁
၅၂။ ဒေါင်နိုင်း၊ ဒုံးနိုင်း ၄၄၄
၅၃။ နည်၊ နွံနည်၊ မဲနည်၊ နည်နည်ညက်ညက် ၄၄၄
၅၄။ နည်း ၄၄၅
၅၅။ နရကာ၊ နတ်ရကာ ၄၄၆
၅၆။ နရည်းစရာ ၄၄၇
၅၇။ နှောင်နှင်၊ နှောင်နှင်း၊ နှောင်းနှင်း ၄၄၈
၅၈။ နွံ၊ နွမ်း ၄၅၀
၅၉။ ပင်လယ် ၄၅၁
၆၀။ ပတ်တလား ၄၅၂
၆၁။ ပတ်၊ ပတ်ဆိုင်း၊ ပတ်ဝိုင်း ၄၅၂
၆၂။ ပဒေသာ ၄၅၆
၆၃။ ပနက်၊ ကနက် ၄၅၇
၆၄။ ပန်း၊ ပမ်း ၄၅၇
၆၅။ ပလွေ၊ ပုလွေ၊ မြွေ ၄၅၉
၆၆။ ပိတ်ကျည် ၄၆၁
၆၇။ ပုံတောင်း ၄၆၂
၆၈။ ပိုးစုန်းကြူး၊ ပိုးမဲတောင်စာ ၄၆၃
၆၉။ ဖက်လိပ် ၄၆၅
၇၀။ ဖရည် ၄၆၆
၇၁။ မယ်ဈူး ၄၆၆
၇၂။ မိကျောင်း ၄၆၈
၇၃။ မီးသွေး ၄၆၈
၇၄။ မှန့်၊ မုံ့၊ ၄၆၉
မြားလျား ၄၇၁
၇၅။ ယမ်း၊ ရမ်း ၄၇၁

ခေါင်းစဉ် စာမျက်နှာ

၇၆။ ရုံမြား၊ ရမြား ၄၇၂
၇၇။ ရိုခါ၊ ရိုက္ခာ ၄၇၆
၇၈။ ရိုင်းစိုင်း ၄၇၇
၇၉။ ရွှေ၊ ရွှေး ၄၇၉
၈၀။ ရှောက်၊ ရှက် ၄၈၂
၈၁။ လက်စောင်၊ လက်ဆောင်၊ လက်ထက်၊
လက်နက် ၄၈၄
၈၂။ လင်၊ ဟင်း ၄၈၇
၈၃။ လိပ်ပျာ၊ လိပ်ပြာ ၄၈၉
၈၄။ ဝန်၊ တန်တိုင်း၊ သနိုင်း ၄၉၀
၈၅။ ဝံ ၄၉၁
၈၆။ ဝေါ ၄၉၁
၈၇။ သင်ပုန်း ၄၉၃
၈၈။ သဠာလီ၊ သလွန် ၄၉၃
၈၉။ သန်လျင်း၊ သန်လျင်းချိုး၊
သန်လျင်းချိတ် ၄၉၆
၉၀။ သနဲ၊ နဲ ၄၉၈
၉၁။ သပြေသာ ၄၉၉
၉၂။ သံကောက်၊ သံကောက်သည် ၅၀၀
၉၃။ သရော၊ သရောင်း ၅၀၃
၉၄။ သာ၊ ချမ်းသာ၊ ယာသာ ၅၀၅
၉၅။ သိခင်၊ သခင် ၅၀၆
၉၆။ သိခြင်းခံ ၅၀၇
၉၇။ သော်မော်၊ သောမာ ၅၀၈
၉၈။ သွေးချီ၊ သွေးသိ ၅၁၀
၉၉။ ဟုပ် ၅၁၁
၁၀၀။ ဟုံ၊ ဟုံး ၅၁၃

■

နိဒါန်း

"မြန်မာအဘိဓာန်ငွိကာ" ဟုလည်း ခေါ်ဆိုအပ်သော၊ ဤ "မြန်မာစကားအဖွင့်ကျမ်း"တွင် မြန်မာဘာသာ၌ တိမ်မြုပ်ငုပ်လျှိုးနေသော စကားများ၊ အရေး၊ အနက်၊ အသုံးတို့၌ တိမ်းယိမ်းချွတ်ချော်နေသော စကားများ၊ အရေးအနက် အသုံးတို့နှင့် စပ်လျဉ်း၍ ဝိဝါဒရှိသော စကားများ၊ အကြောင်းတစ်ခုခုကြောင့် စိတ်ပါဝင်စားဖွယ်ကောင်းသော စကားများအား နည်းအမျိုးမျိုးဖြင့် ကျွန်ုပ်တို့ နိုက်ချွတ်တူးဖော် ရှာဖွေ၊ အလင်းသို့ ဆောင်ကြဉ်းခဲ့သည်တို့ကို တစ်လုံးတစ်ဝတည်း စုပေါင်း၍ ရိုက်နှိပ်တင်ပြထားပါသည်။

စကားများကို သုတေသနပြုရာ၌ လိုအပ်သော လက်နက်ကရိယာများမှာ သတ်ပုံကျမ်းများ၊ ပေါရာဏကထာကျမ်းများ၊ ဝေါဟာရ အဖွင့်ကျမ်းများ၊ ကဗျာကျမ်းများ၊ ရှေးကျောက်စာ၊ မင်စာ၊ စဉ့်ကွင်းစာများ၊ မြန်မာဘာသာနှင့် ဆက်သွယ်ခြင်းရှိသော ဘာသာကျမ်းများ စသည်တို့ ဖြစ်ပါသည်။ ယင်းလက်နက်ကရိယာတို့မှာ ယခုအခါ မည်သည့်အမျိုးအစား၌မျှ ကျေနပ်လောက်အောင် ကောင်းမွန်ပြည့်စုံပြီဟု ဆိုဖွယ် မရှိသေးပါ။ လက်နက်ကိရိယာများ အကယ် ကောင်းမွန် ပြည့်စုံလုံလောက်မှသာ မြန်မာစကားများကို သုတေသနပြု၍ ဖွင့်ဆိုရာ၌လည်း လုံးဝကျေနပ်လောက်သော အခြေသို့ ဆိုက်ရောက်နိုင်ပါမည်။ ရသမျှသော လက်နက်ကိရိယာတို့ကိုသာ အသုံးပြု၍ နိုက်ချွတ်တူးဖော် ရှာဖွေတင်ပြရသဖြင့် အချို့နေရာတို့၌ ချွတ်ယွင်းချက်များ ရှိကောင်းရှိပေဦးမည်။ သို့ရာတွင် ဤကျမ်းဖြင့် ကျွန်ုပ်တို့က တတ်နိုင်သမလောက် လမ်းခုတ်ထွင် ရှင်းလင်း၊ နင်းကြမ်းတံတား ခင်းပေးလိုက်သည့် အပေါ်၌ နောင်လာ သုတေသီတို့သည် ဖြတ်ကျော်လျှောက်သွား၍ မြန်မာစကားများကို လုံးဝကျေနပ် နှစ်သက်လောက်သော အခြေသို့ ဆိုက်အောင် ဖွင့်ဆိုနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာစကားများကို သုတေသနပြု၍ ကျွန်ုပ်တို့ ဖွင့်ဆိုတင်ပြလာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာမြင့်ခဲ့လေပြီ။ ဤသို့တင်ပြခဲ့ပြီးသော စကားပေါင်း ၃၅ မျှနှင့် မတင်ပြရသေးသော စကားပေါင်း ၅၀ ခန့် ပေါင်း ၈၅ တို့ကို ဤမြန်မာစကား အဖွင့်ကျမ်း ပထမတွဲတွင် ထည့်သွင်းဖော်ပြလိုက်ပါသည်။ ရှေး၌ ရေးသားတင်ပြခဲ့သော စကားပေါင်း ၃၅ တို့တွင်လည်း လိုအပ်သည့် နေရာတို့၌ ပြင်ဆင်ဖြည့်စွက်၍ နှုတ်ပယ်သင့်သည်တို့ကိုလည်း နှုတ်ပယ်ကာ အချို့တို့ကို အသစ်ထပ်မံ ရေးသား၍ပင် ထည့်လိုက်ပါသည်။ စကားပေါင်း ၈၅ တို့၏ ခေါင်းစဉ်အောက်၌ စပ်လျဉ်းဆက်သွယ်ခြင်းရှိသော စကားပေါင်း မြောက်မြားစွာတို့ကိုလည်း ဖွင့်ဆိုထားကြောင်း တွေ့ရပါလိမ့်မည်။ တင်ပြသော စကားများသည် အက္ခရာစဉ် အတိုင်းသော် 'အ မှ န' သို့သာ ရောက်ပါသေးသည်။ ယင်းအက္ခရာစဉ် အတွင်း၌ပင် ပြည့်စုံ လုံလောက်ခြင်း မရှိသေးပါ။ နောင် ဖြည့်စွက်ရေးသား သွတ်သွင်းရန် စကားပေါင်းများစွာ ကျန်ရှိနေပါသေးသည်။ များမကြာမီ ဆက်လက် ပုံနှိပ်ဖြန့်ချိမည့် "မြန်မာစကားအဖွင့်ကျမ်း ဒုတိယတွဲ"တွင်သော် 'ပ မှ ဟ' တိုင်အောင်သော အက္ခရာစဉ်ဖြင့် ဆက်လက် ဖော်ပြသွားပါမည်။ ယင်းတွင် နေရာရှိသေးလျှင် ဖြည့်စွက် စကားများကိုပါ ထည့်သွင်းလိုက်ပါမည်။ အကယ်၍ နေရာမရှိတော့က ဖြည့်စွက်စကားများကို သီးသန့်စုပေါင်းရိုက်နှိပ် ဖြန့်ချိပါမည်။

ဤ မြန်မာစကား အဖွင့်ကျမ်းကို ရေးသားပြုစုရာ၌ ရည်ရွယ်ချက်မှာ မြန်မာစကားများ၏ ရင်းမြစ်တို့ကို စီစစ်ကာ အရေးမှန် အနက်မှန်တို့ကို ဖော်ပြပြီးလျှင် မြန်မာဘာသာ၌ စိတ်ပါဝင်စား လေ့လာလိုက်စားသူတို့အား အရေးကြီးသော မြန်မာသတ်ပုံကျမ်းများ၊ ကဗျာကျမ်းများ၊ ရှေးရေး ကျောက်စာ၊ မင်စာများ၊ မြန်မာနှင့် အနွယ်တူဘာသာများ စသည်တို့နှင့် ရင်းနှီးယဉ်ပါးလာစေ၍ ယင်းပညာရပ်များတွင် စိတ်ပါဝင် လေ့လာလိုက်စားလာကြပြီးလျှင် တရွေ့ရွေ့ တစ်ဖြည်းဖြည်း ခမ်းနားကြီးကျယ်၊ ထယ်ဝါခံ့ညားသော မြန်မာဗိမာန်ကြီးကို အပြီးတိုင် စုပေါင်းတည်ဆောက်ကြစေရန် ဖြစ်ပေသတည်း။

အပေါင်ကိုစ် တိုင်သက်သေမှု၍။" ၈၇၀ ခုနှစ်၊ ပုဂံမြို့၊ မြစည်းခုံကျောက်စာ၊ ၂၀၊ ၂၁။

မြန်မာဘာသာတွင် ဤသို့ 'ဘုမ္မစိုး၊ ရက္ခစိုး'ဟု ရေးသည်မှာ မွန်ဘာသာ 'ဘုမ္မဓိုး၊ ရက္ခဓိုး'သို့ လိုက်၍ရေးခြင်း ဖြစ်တန်ရာသော်လည်း နောင်မြန်မာဘာသာ 'အုပ်စိုး၊ ကြီးစိုး'ဟူသော အနက်များလည်း သက်ဝင်လာဟန်ရှိသည်။ သို့ကြောင့်သာ မြန်မာဘာသာ၌ 'တောစိုး၊ တောင်စိုး၊ တောစိုးနတ်၊ တောင်စိုးနတ်' ဟူသော စကားများအပြင် 'တောစောင့်၊ တောင်စောင့်၊ မြို့စောင့်၊ ရွာစောင့်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်'ဟူသော စကားများလည်း ဖြစ်ပေါ်လာသည် ဆိုရာ၏။

၅၁။ ဘုံ၊ ဘောင်၊ ဘော်၊ ဘွေ

ဘုံ၊ ဘောင်၊ ဘော်၊ ဘွေ ပုဒ်တို့သည် သသ်ကရိုက်နှင့် ပါဠိဘာသာ ဘူဓာတ်သက်တို့ချည်း ဖြစ်ကြသည်။ ဘူ၏ အနက် 'ဖြစ်၊ တည်၊ ဖြစ်ပေါ်၊ ဖြစ်ထွန်း၊ တည်ရှိ၊ တည်နေ၊ ဖြစ်ရာ၊ တည်ရာ' စသည်ဟောဖြစ်၏။

ပါဠိဘာသာဖြင့် 'ကာမလောက၊ ရူပလောက၊ အရူပလောက'ဟု ဆိုသည်တို့ကို မြန်မာဘာသာ၌ 'ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ'ဟုလည်း ဆိုသေးသည်။ ဘုံသည် ပါဠိဘာသာ **ဘူမိ** ပုဒ်ပျက်ဖြစ်သည်ဟု ယူဆလျက်ရှိကြသည်။ ဘူမိ ပုဒ်သည်လည်း **ဘူ** ဓာတ်သက်ပင်ဖြစ်၍ 'မြေ၊ နေရာ၊ အရပ်၊ နယ်၊ ဒေသ၊ မြေပြင်၊ အဆင့်၊ အထပ်၊ လောက' ဟူ၍ အနက်ကျယ်ပြန့်စွာရှိသည်။ သို့ရာတွင် ပါဠိဘာသာ၌ 'ကာမဘူမိ၊ ရူပဘူမိ၊ အရူပဘူမိ'ဟု ဆိုလေ့မရှိ။ 'ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ'ဟု သော်ဆိုလေ့ရှိသော်လည်း အနက်မှာ 'ဖြစ်ရာ၊ တည်ရာ' ဟော **ဘုံ၊ လောက** ဆိုသည်နှင့်မတူ၊ **'ကာမဘော်၊ ရူပဘော်၊ အရူပဘော်'** ဆိုသည်တို့တွင် **ဘော်** ဆိုသည်နှင့်သာ တူ၍ 'အဖြစ်၊ ဖြစ်ခြင်း' ဟောဖြစ်သည်။ ထို့ကြောင့် မြန်မာဘာသာ၌ 'ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ'ဟု ဆိုခြင်းသည် ပါဠိဘာသာ အသုံးအနှုန်းအတိုင်းမကျ၊ မြန်မာနည်းအရ ဆိုခြင်းသာဖြစ်သည်။ မှားသည်ဟုသော်ကား မဆိုသာချေ။ မြန်မာဘာသာ၌ **ဘုံ**၏ အနက်မှာ 'ဘဝ၊ အဖြစ်၊ ဖြစ်ခြင်း' ဟောမဟုတ်၊ 'ဖြစ်ရာ၊ တည်ရာ၊ လောက' ဟောဖြစ်သည်။ ပြာသာဒ်တို့၌ ဆောက်လုပ်သည့် 'ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ နန်းဘုံ၊ ရွှေဘုံ' ဆိုသည်တို့၌ ဘုံတို့မှာ ယင်းပုဒ်ပင်ဖြစ်၍ 'ဖြစ်ရာ၊ တည်ရာ၊ နေရာ၊ အဆင့်၊ အထပ်၊ လောက' ဟူ၍ **ဘူမိ** ပုဒ်ရင်းအတိုင်း ဟောများဖြစ်ကြသည်။

'ကာမဘော်၊ ရူပဘော်၊ အရူပဘော်'ကို 'ကာမဘဝ်၊ ရူဘာဘဝ်၊ အရူပဘဝ်' ဟူ၍လည်းကောင်း၊ 'ကာမဘောဝ်၊ ရူပဘောဝ်၊ အရူပဘောဝ်' ဟူ၍လည်းကောင်း၊ ရှေးခေတ်နည်းအရ ရေးသေးရာ၊ **ဘဝ်၊ ဘောဝ်၊ ဘော်** ပုဒ်တို့မှာ ပါဠိဘာသာ ဘူဓာတ်လာ **ဘဝ** ပုဒ်သက်များဖြစ်ကြောင်း ထင်ရှား၍ အနက်မှာ 'ဘဝ၊ အဖြစ်၊ ဖြစ်ခြင်း' ဟောဖြစ်သည်။ 'လူဘော်၊ အပျိုဘော်၊ လူပျိုဘော်' ဆိုသည်တို့၌ **ဘော်** ပုဒ်မှာလည်း ယင်းပုဒ်ပင်ဖြစ်ချေသည်။

'လူ့ဘောင်, နတ်ဘောင်, ဗြဟ္မာ့ဘောင်' စသဖြင့် ဆိုရာ၌ **ဘောင်** ပုဒ်မှာ **ဘော်** ပုဒ်ပြောင်းမှုဖြစ်သည် ယူသင့်၏။ အနက်မှာလည်း **ဘော်** ပုဒ်၏ အနက်အတိုင်း 'ဘဝ၊ အဖြစ်၊ ဖြစ်ခြင်း' ဟောဟုပင် ယူရာ၏။

'အာကာဘွေ၊ ဂန္ဓမာဘွေ၊ ကြုံလေတုံဘွေ' ဆိုသည်တို့၌ **ဘွေ** ပုဒ်မှာ **ဘဝ** ၏ သြကာသကာရက **ဘဝေ** ပုဒ်သက်ဟု ယူရာ၏။ အနက်မှာ 'ဖြစ်ရာ၊ ရှိရာ၊ တည်ရာ၊ နေရာ' ဟူသည် မူလအနက်၊ '၌၊ တွင်၊ မှာ၊ ဝယ်'ဟူသည် ဝိဘတ်အနက်တို့ ဖြစ်ကြ၏။ ဤ **ဘွေ** ပုဒ်ကို 'ရှုတ်ပွေ၊ နောက်ပွေ၊ လေပွေ'ဆိုသည်တို့တွင် **ပွေ** ပုဒ်၊ လေဗွေ၊ အမွေးဗွေ၊ ဗွေကြိန်' ဆိုသည်တို့တွင် **ဗွေ** ပုဒ်၊ 'ဝိုက်၊ ဝေ၊ ပတ်၊ ရစ်' ဟောတို့နှင့် ခွဲခြားရေးသားရာသည်။

အထက်၌ ဖော်ပြခဲ့သည့် **ဘုံ** ပုဒ်ကိုလည်း 'အများအပုံ' ဆိုသည်တွင် **အများ** ဟော **ပုံ** ပုဒ်သက်၊ ဗုံကျောင်း၊ ဗုံအသင်း၊ ဗုံဝါဒ' ဆိုသည်တို့တွင် 'အများနှင့်ဆိုင်'ဟော **ဗုံ** ပုဒ်နှင့်လည်း ခွဲခြားမှတ်စွဲ ရေးသားရာသတည်း။

၅၂။ ဘူမိနက်သန်

ဘူမိနက်သန် ဆိုသောစကားကို ရှေးကျောက်စာ၊ ကဗျာ စသည်တို့တွင် 'ဘုမ္မိနက်သန်၊ ဘုံမိနက်သန်, ဘူမနက်သန်၊ ဘူနက်သန်၊ ဘုံနက်သန်၊ မြေနက်သန်' စသဖြင့် အမျိုးမျိုးပင် ရေးလျက်ရှိသည်ကို တွေ့ရသည်။ ယင်းစကားတို့တွင် **ဘူမိ**၏ အနက်မှာ ပါဠိ၊ သသ်ကရိုက်ဘာသာတို့၌ **မြေ** ဟောဖြစ်၍၊ **ဘူမ, ဘုမ္မိ, ဘုမ္မ** တို့၏ အနက် ပါဠိဘာသာ၌ **မြေနှင့်ဆိုင်သော** ဟောဖြစ်သည်။

နက်သန်၏ ရင်းမြစ်နှင့် အနက်တို့မှာ ယခုအခါ တိမ်မြုပ်ချွတ်ယွင်းလျက်ရှိသည်။ **နက်သန်** ပုဒ်ငုပ်သဖြင့်